
## ကပ်စေးနဲ

Scientific name - *Urena lobata* L.

Common name - Caesar weed

Family - Malvaceae






အပင်ပုံသဏ္ဌာန်

နှစ်ရှည်ခံထောင်မတ်သောချုံပင်မျိုးဖြစ်ပြီး အများအားဖြင့် ၁.၅ မီတာအထိမြင့်ပြီး ၃ မီတာ အထိ အမြင့်ရှိသည်။ ပင်စည်သည် သစ်မာဖြစ်ပြီး လုံးဝိုင်းသည်။ ပင်စည်နှင့် အရွက်များ၌ ကြမ်းတမ်း၍ အဖြူရောင်ကြယ်ပုံအမွေးများဖြင့် ဖုံးအုပ်ထားသည်။ အောက်ခြေတွင် ကိုင်းများစွာထွက်သည်။ အရွက်သည် ရွက်လွှဲထွက်ပြီး အပေါ်မျက်နှာပြင်ကြမ်းတမ်းပြီး အောက်မျက်နှာပြင် မီးခိုးရောင်သန်းသည်။ အရွက်အောက်မျက်နှာပြင်တွင် အဖြူရောင်အမွေးများပါရှိသည်။ ပန်းခိုင်သည်ကြားထွက် ထီးတည်းပန်းခိုင်ဖြစ်သည်။ သေးငယ်သောပန်းရောင်အပွင့်များဖြစ်ပြီး ခေါင်ရမ်းပန်းနှင့်ဆင်တူသည်။ အသီးမှာ အညိုရင့်ရောင်အစေ့ ၅ စေ့ပါသောအက်ကွဲသီးဖြစ်ပြီး ဆူးမာလေးများပါရှိကာ စေးကပ်ကပ်ဖြစ်သည်။ အစေ့အားဖြင့် မျိုးပွားသည်။